# မြန်မာဘာသာစကားရှိအနက်အဓိပ္ပာယ်
# ဆက်သွယ်မှုသဘောကို
# အတ္ထဗေဒအမြင်ဖြင့်လေ့လာခြင်း

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း

မမာလာ

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၆ခုနှစ်၊ ဧပြီလ

## ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် မြန်မာဘာသာစကားရှိ အနက်အဓိပ္ပာယ်ဆက်သွယ်မှုသဘောကို အတ္ထဗေဒအမြင်ဖြင့် လေ့လာတင်ပြသော ကျမ်းဖြစ်ပါသည်။ လူတို့သည် နေ့စဉ်နှင့်အမျှ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပြောဆိုနေကြရာတွင် စကားသည် အရေးပါလှသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ထိုသို့တစ်ယောက်နှင့်တစ်ယောက် ဆက်သွယ်ပြောဆိုနေကြသော စကားလုံးများတွင် အနက်အဓိပ္ပာယ်များ ဖွဲ့ယှက်ပါဝင်နေကြောင်းကိုလည်း တွေ့ရပါသည်။ အဆိုပါစကားလုံးများ၏ အနက်အဓိပ္ပာယ်ဆက်သွယ်မှုကို စတင်လေ့လာမိရာမှ မြန်မာဘာသာစကားရှိ အနက်အဓိပ္ပာယ်ဆက်သွယ်မှု သဘောတရားများကို အဆင့်ဆင့်လေ့လာဖော်ထုတ်နိုင်ကြောင်း တွေ့ရှိလာပါသည်။ ထို့ကြောင့် ဘာသာဗေဒ၏ အခန်းကဏ္ဍတစ်ရပ်ဖြစ်သော အတ္ထဗေဒနယ်ပယ်အတွင်းရှိ အနက်အဓိပ္ပာယ်ဆိုင်ရာ သဘောတရားတို့နှင့်ညှိနှိုင်းကာ မြန်မာဘာသာစကားရှိ အနက်အဓိပ္ပာယ်ဆက်သွယ်မှုသဘောကို ဤကျမ်းတွင် လေ့လာဖော်ထုတ် သုတေသနပြုထားခြင်း ဖြစ်ပါသည်။